# ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
# ပြည်ထဲရေးဝန်ကြီးဌာန
# ( ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေး ဆိုင်ရာ နည်းဥပဒေများ )
**အမိန့်ကြော်ငြာစာအမှတ်၊ ၅/၂၀၀၄**

**ရန်ကုန်မြို့၊ ၁၃၆၆ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁ ရက်**

**(၂၀၀၄ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်)**

ပြည်ထဲရေးဝန်ကြီးဌာနသည် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဥပဒေ ပုဒ်မ ၄၃၊ ပုဒ်မခွဲ (က) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အစိုးရအဖွဲ့၏သဘောတူညီ ချက်ဖြင့် အောက်ပါနည်းဥပဒေများကို ထုတ်ပြန်လိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤနည်းဥပဒေများကို **ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေး ဆိုင်ရာ နည်းဥပဒေများ**ဟု ခေါ်တွင်စေရမည်။

၂။ ဤနည်းဥပဒေများတွင်ပါရှိသော စကားရပ်များသည် ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံ အချင်းချင်း အကူအညီပေးရေး ဥပဒေတွင်ပါရှိသည့်အတိုင်းအဓိပ္ပာယ်သက်ရောက်စေရမည်။

ထို့ပြင် အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **ဥပဒေ**ဆိုသည်မှာ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး ဥပဒေကို ဆိုသည်။

(ခ) **အချုပ်ဖြင့်ရှိသူ** ဆိုရာတွင် သက်ဆိုင်ရာ အခွင့်အာဏာရှိသူက ထိန်းသိမ်းထားခြင်း ခံရသူလည်း ပါဝင် သည်။

(ဂ) **အကူအညီတောင်းခံသည့်နိုင်ငံ** ဆိုသည်မှာ အကူအညီတောင်းခံခြင်းခံရသည့်နိုင်ငံမှ အကူအညီရရှိရန် တောင်းခံသည့်နိုင်ငံကို ဆိုသည်။

(ဃ) **အကူအညီတောင်းခြင်းခံရသည့်နိုင်ငံ** ဆိုသည်မှာ အကူအညီတောင်းသည့်နိုင်ငံအတွက် အကူအညီ ပေးရမည့်နိုင်ငံကို ဆိုသည်။

## အခန်း (၂)
## ပြည်ပနိုင်ငံ၏ အကူအညီတောင်းခံချက်နှင့် စပ်လျဉ်း၍ လက်ခံခြင်း၊ ခွင့်ပြုခြင်းနှင့် ငြင်းပယ်ခြင်း

၃။ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် မြန်မာနိုင်ငံ၏ အကူအညီကို တောင်းခံသော ပြည်ပနိုင်ငံတစ်ခုခုသည်-

(က) မြန်မာနိုင်ငံကအဖွဲ့ဝင်အဖြစ်ပါဝင်လက်မှတ်ရေးထိုးထားသည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဝင်နိုင်ငံ၊ ဒေသဆိုင်ရာသဘောတူစာချုပ်ဝင်နိုင်ငံ သို့မဟုတ် မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံသဘောတူစာချုပ် ချုပ်ဆိုထားသည့်



Myanmar Law Information System (MLIS)

ပြည်ပနိုင်ငံဖြစ်ပါက ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး နှင့်စပ်လျဥ်း၍ အကူအညီတောင်းခံခြင်း (ပုံစံ-၁) ဖြင့် ဗဟိုအာဏာပိုင်အဖွဲ့သို့ တိုက်ရိုက်တောင်းခံရမည်။ အကယ်၍ သံတမန်လမ်းကြောင်းမှတစ်ဆင့် တောင်းခံလာလျှင်လည်း ဗဟိုအာဏာပိုင်အဖွဲ့က လက်ခံ နိုင်သည်။

(ခ) မြန်မာနိုင်ငံက အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးထားခြင်းမရှိသော အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဝင်နိုင်ငံ သို့မဟုတ် မြန်မာနိုင်ငံနှင့် နှစ်နိုင်ငံသဘောတူစာချုပ် ချုပ်ဆိုထားခြင်း မရှိသည့် ပြည်ပနိုင်ငံဖြစ်ပါက ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး နှင့်စပ်လျဥ်း၍ အကူအညီတောင်းခံခြင်း (ပုံစံ-၁) ဖြင့် သံတမန်လမ်းကြောင်းအရ ဗဟိုအာဏာပိုင် အဖွဲ့သို့ တောင်းခံရမည်။

(ဂ) အရေးပေါ်ကိစ္စတွင် မြန်မာနိုင်ငံနှင့် သဘောတူညီချက်ရှိပါက နိုင်ငံတကာပြစ်မှုဆိုင်ရာ ရဲတပ်ဖွဲ့မှ တစ်ဆင့် ဗဟိုအာဏာပိုင်အဖွဲ့သို့ အကူအညီတောင်းခံနိုင်သည်။

၄။ အကူအညီတောင်းခံသည့်နိုင်ငံသည် အရေးပေါ်ကိစ္စတွင် နှုတ်ဖြင့်ဖြစ်စေ၊ တယ်လီဖုန်း၊ ဖက်စ် သို့မဟုတ် အီးမေးလ်ဖြင့်ဖြစ်စေ၊ ကွန်ပျူတာ ဆက်သွယ်ဆောင်ရွက်မှု အပါအဝင် အခြားအီလက်ထရောနစ် နည်းပညာ တစ်ရပ်ရပ်ဖြင့်ဖြစ်စေ အကူအညီတောင်းခံနိုင်သည်။ ယင်းသို့ တောင်းခံပါက အကူအညီတောင်းခံသည့် မူရင်းစာကို ဗဟိုအာဏာပိုင်အဖွဲ့သို့ နှောင့်နှေး ကြန့်ကြာမှုမရှိစေဘဲ ထပ်မံပေးပို့ရမည်။

၅။ ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံ၏ အကူအညီတောင်းခံချက်နှင့်စပ်လျဥ်း၍ ဥပဒေပုဒ်မ ၁၁ပါ ကိစ္စရပ်များကို အကူအညီတောင်းခံခြင်း ဟုတ် မဟုတ်ကိုလည်းကောင်း၊ ဥပဒေပုဒ်မ ၁၂ ပါအချက်များ ပြည့်စုံမှု ရှိ မရှိကိုလည်းကောင်း စိစစ်ရမည်။

၆။ ဗဟိုအာဏာပိုင်အဖွဲ့သည် -

(က) နည်းဥပဒေ၅ အရ စိစစ်ရာတွင် တည်ဆဲဥပဒေများနှင့်အညီ ဆောင်ရွက်နိုင်ရန် လိုအပ်သည့် သတင်း အချက်အလက်များနှင့် အထောက်အထားများကို ထပ်မံတောင်းခံနိုင် သည်။

(ခ) အကူအညီတောင်းခံသည့်နိုင်ငံ၏ အာဏာပိုင်က တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အား တွေ့ဆုံ၍ လိုအပ်သည်များကို မေးမြန်းခြင်းနှင့် အထောက်အထားတောင်းခံခြင်းများ ပြုနိုင်သည်။

၇။ ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံ၏ အကူအညီတောင်းခံချက်ကို နည်းဥပဒေ ၅နှင့် ၆တို့အရ လိုအပ် သလိုဆောင်ရွက်ပြီး ဥပဒေပုဒ်မ ၁၅ နှင့်ညီညွတ်ကြောင်း စိစစ်တွေ့ရှိပါက အကူအညီပေးရန် ခွင့်ပြု နိုင်သည်။

၈။ ဗဟိုအာဏာပိုင်အဖွဲ့သည် -

(က) အကူအညီတောင်းခံချက်ကို ခွင့်ပြုပါက ယင်းအကူအညီတောင်းခံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ အကူအညီတောင်းခံချက်နှင့် အတူလွှဲအပ် တာဝန်ပေးရမည်။

(ခ) အကူအညီတောင်းခံချက်တွင်ပါရှိရမည့် အသေးစိတ် အစီအစဥ်၊ လိုအပ်သော သတင်းအချက် အလက်နှင့် အထောက်အထားများ လိုအပ်နေကြောင်း စိစစ်တွေ့ရှိပါက လိုအပ်သော အချက် အလက်များကို ပေးပို့ရန် အကူအညီတောင်းခံသည့် နိုင်ငံသို့ အကြောင်းကြားရမည်။

(ဂ) အကူအညီတောင်းခံချက်ကို ငြင်းပယ်ခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်း ပြုလုပ်ပါက ငြင်းပယ်ခြင်း သို့မဟုတ် ရွှေ့ဆိုင်းခြင်း ပြုရသည့်အကြောင်းကို အကူအညီတောင်းခံသည့် နိုင်ငံသို့ နှောင့်နှေးကြန့်ကြာ မှုမရှိစေဘဲ ပြန်ကြားရမည်။

(ဃ) အကူအညီတောင်းခံသည့် နိုင်ငံကထပ်မံဖြည့်စွက် အကူအညီတောင်းခံချက်ရှိလျှင် ဥပဒေပုဒ်မ ၁၅ နှင့် ညီညွတ်ခြင်း ရှိ မရှိ ထပ်မံစိစစ်ပြီး လိုအပ်သလိုအကောင်အထည်ဖော် ဆောင်ရွက်ပေးရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ ညွှန်ကြားရမည်။

## အခန်း (၃)

## သက်သေခံပစ္စည်းရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်း၊ တားမြစ်မိန့်ထုတ်ဆင့်ခြင်း၊ ပြည်သူ့ဘဏ္ဍာအဖြစ်သိမ်းဆည်းခြင်းနှင့် သက်သေထွက်ဆိုချက်ရယူခြင်း

၉။ ပြည်ပနိုင်ငံ၏ အကူအညီတောင်းခံချက်သည် ပစ္စည်းရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ထိန်းချုပ်ခြင်း၊ တားမြစ်မိန့်ထုတ်ဆင့်ခြင်း သို့မဟုတ် ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းပြုရန်ဖြစ်လျှင် ဥပဒေပုဒ်မ ၁၂ ပါ လိုအပ်သော အချက်များအပြင် အောက်ပါတို့ကိုလည်း ဖော်ပြပါရှိစေရမည်-

(က) ပစ္စည်းအမျိုးအစား၊ ပုံသဏ္ဌာန်နှင့် ယင်းပစ္စည်း၏ ထူးခြားထင်ရှားသည့်အမှတ်အသား ဖော်ပြချက်၊

(ခ) ပစ္စည်းတည်ရှိသည့် နေရာနှင့်ပစ္စည်း၏ အသေးစိတ်ဖော်ပြချက်များ၊

(ဂ) မည်သူ၏ လက်ဝယ်တွင်ရှိကြောင်း ဖော်ပြချက်၊

(ဃ) ပစ္စည်းများ စုံစမ်းဖော်ထုတ်ရန် လုံလောက်သည့် အချက်၊

(င) သက်ဆိုင်ရာ တရားရုံး၏ အမိန့်၊ စီရင်ချက် သို့မဟုတ် ဆုံးဖြတ်ချက် မိတ္တူမှန်။

၁၀။ ပြည်ပနိုင်ငံ၏ အကူအညီတောင်းခံချက်သည် စာတမ်း အမှတ်အသားနှင့် မှတ်တမ်းများကို ရှာဖွေခြင်း နှင့် သိမ်းဆည်းခြင်းပြုလုပ်ပေးရန်ဖြစ်လျှင် ပုဒ်မ ၁၂ ပါလိုအပ်သောအချက်များအပြင် အောက်ပါတို့ကို လည်း ဖော်ပြပါရှိစေရမည်-

(က) စာတမ်းအမှတ်အသားနှင့် မှတ်တမ်းများ၏ အမျိုးအစားနှင့် တည်ရှိရာနေရာ၊

(ခ) လက်ဝယ်ရှိသူ၏ နေရပ်လိပ်စာ၊ ထိုနေရပ်လိပ်စာတွင်ရှိကြောင်း ယုံကြည်လောက်သည့် အကြောင်း ပြချက်၊

(ဂ) အကူအညီတောင်းခံသည့် နိုင်ငံတွင်ကျူးလွန်သည့် ပြစ်မှုအတွက် စုံစမ်းထောက်လှမ်းခြင်း သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်း၌ သက်သေခံချက်အဖြစ် တင်သွင်းလိုသော အကြောင်းပြချက်၊

(ဃ) ရှာဖွေခြင်း သို့မဟုတ် သိမ်းဆည်းခြင်းနှင့်စပ်လျဉ်း၍ ထူးခြားသော အချက်များရှိပါက ယင်းအချက် များအား ဖော်ပြချက်၊

(င) အခြားသူ၏ အခွင့်အရေးရှိပါကသိသမျှသော သတင်းအချက်အလက်ဖော်ပြချက်၊

Myanmar Law Information System (MLIS)

(စ) ကွန်ပျူတာမှတ်တမ်းများ ထုတ်ပေးရန်ဖြစ်ပါက ယင်းမှတ်တမ်းများကို ပယ်ဖျက်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်းအန္တရာယ်ကို ထည့်သွင်းစဉ်းစားပြီး ကွန်ပျူတာမှတ်တမ်းများ မူလအခြေအနေအတိုင်းရှိစေ ရေးအတွက် လုံခြုံစိတ်ချမှုရှိစေရန်နှင့် အာမခံချက်ရှိစေရန် လိုအပ်သည့် အထူးအမိန့်၊

(ဆ) စာတမ်းအမှတ်အသားနှင့် မှတ်တမ်းမူရင်း သို့မဟုတ် မိတ္တူမှန် (ရှိလျှင်)၊

(ဇ) သက်သေခံလက်မှတ် သို့မဟုတ် အစစ်အမှန်ဖြစ်ကြောင်း အတည်ပြုချက်ကို သတ်မှတ်ပုံစံဖြင့် ရယူလို ပါက ယင်းနမူနာပုံစံ၊

(ဈ) တောင်းခံသည့် စာတမ်းအမှတ်အသားတစ်ခုခုနှင့်စပ်လျဉ်း၍ ဥပဒေ၏ အထူးအခွင့်အရေး တစ်ရပ်ရပ် ရှိပါက ယင်းအခွင့်အရေး။

၁၁။ ပြည်ပနိုင်ငံ၏ အကူအညီတောင်းခံချက်သည် လူပုဂ္ဂိုလ်တစ်ဦးဦးရှိနေသည့်နေရာကို စုံစမ်းပေးရန် အကူအညီတောင်းခံခြင်းဖြစ်လျှင် ဥပဒေပုဒ်မ ၁၂ ပါ လိုအပ်သော အချက်များအပြင် အောက်ပါတို့ကို လည်းဖော်ပြပါရှိစေရမည်-

(က) ယင်းပုဂ္ဂိုလ်၏ အမည်နှင့် ယင်းပုဂ္ဂိုလ်ဖြစ်ကြောင်း ထင်ရှားသည့် အချက်အလက်များ၊

(ခ) နေရပ်လိပ်စာနှင့် ယင်းပုဂ္ဂိုလ်နေထိုင်သည်ဟု ယုံကြည်ရသော ခိုင်လုံသည့် အချက် အလက်များ၊

(ဂ) အကူအညီတောင်းခံသည့်နိုင်ငံတွင် ဖြစ်ပွားသည့် ပြစ်မှုတစ်ခုခုနှင့်စပ်လျဉ်း၍ ယင်းပုဂ္ဂိုလ် ပါဝင်ပတ် သက်မှုများ။

၁၂။ ပြည်ပနိုင်ငံ၏ အကူအညီတောင်းခံချက်သည် မေးမြန်းစုံစမ်းရန် သို့မဟုတ် သက်သေခံချက် ရယူရန် ဖြစ်လျှင် ဥပဒေပုဒ်မ ၁၂ ပါ လိုအပ်သော အချက်များအပြင် အောက်ပါတို့ကို လည်းဖော်ပြ ပါရှိစေရမည်-

(က) သက်သေအားမေးမြန်းစေလိုသည့် မေးခွန်းနှင့် အချက်အလက်များ၊

(ခ) မြန်မာနိုင်ငံတရားရုံးတွင် မေးမြန်းစုံစမ်းရန် သို့မဟုတ် သက်သေခံချက်ရယူရန်ဖြစ်လျှင် အကူအညီ တောင်းခံသည့်နိုင်ငံတွင် တိုင်တန်းခဲ့သည့် တိုင်ချက်၊ စွပ်စွဲချက် သို့မဟုတ် ဦးတိုက်လျှောက်လွှာ မိတ္တူ။

၁၃။ ပြည်ပနိုင်ငံ၏ အကူအညီတောင်းခံချက်အရ ဆောင်ရွက်ပေးသော သက်သေခံချက်၊ စာတမ်းအမှတ် အသား၊ မှတ်တမ်းနှင့် အထောက်အထားများနှင့်စပ်လျဉ်း၍-

(က) ဆောင်ရွက်ပေးသည့် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၏ တာဝန်ခံအရာရှိသည် အင်္ဂလိပ် ဘာသာပြန်ဆိုချက်၏ စာမျက်နှာအသီးသီးတွင် မှန်ကန်ကြောင်း လက်မှတ်ရေးထိုးပြီး ဗဟိုအာဏာပိုင် အဖွဲ့သို့ ပေးပို့ရမည်။

(ခ) ဗဟိုအာဏာပိုင်အဖွဲ့သည် နည်းဥပဒေခွဲ (က)အရ ပေးပို့သော စာတမ်းအမှတ်အသားများ၏ အင်္ဂလိပ် ဘာသာပြန်ဆိုချက်ကို စိစစ်ပြီး စာတမ်းအမှတ်အသားများဘာသာပြန်ဆိုချက် မှန်ကန်ကြောင်း သက်သေခံ လက်မှတ် (ပုံစံ -၂)ဖြင့်လည်းကောင်း၊ စာတမ်းအမှတ် အသား များမှန်ကန်ကြောင်း သက်သေခံ လက်မှတ် (ပုံစံ - ၃)ဖြင့်လည်းကောင်း အကူအညီတောင်းခံသည့် နိုင်ငံသို့ အဆိုပါသက်သေခံချက်၊ စာတမ်းအမှတ် အသား၊ မှတ်တမ်းနှင့် အထောက်အထားများ ပူးတွဲ၍ ပေးပို့ရမည်။

## အခန်း (၄)

Myanmar Law Information System (MLIS)

**ကျွမ်းကျင်သူ သို့မဟုတ် အခြားသူအား သက်သေခံချက်၊ ထွက်ဆိုချက်ပေးရန် စေလွှတ်ခြင်း**

၁၄။ ပြည်ပနိုင်ငံသည် ဤနည်းဥပဒေများ၏ အခန်း (၂)နှင့် (၃)တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အကူအညီ တောင်းခံရာတွင် ကျွမ်းကျင်သူတစ်ဦးဦးအား သက်သေအဖြစ်လည်းကောင်း၊ အခြားသူတစ်ဦးဦးအား သက်သေအဖြစ်လည်းကောင်း သက်သေခံရန် အကူအညီတောင်းခံခြင်း ဖြစ်ပါက အကူအညီတောင်းခံသည့် နိုင်ငံသို့ ထိုပုဂ္ဂိုလ်ရောက်ရှိစေလိုသည့်ရက်ကို ကြိုတင်ညှိနှိုင်းပြီး ဆင့်ခေါ်စာကို ပေးပို့ရမည်။

၁၅။ နည်းဥပဒေ ၁၄ အရ သက်သေအဖြစ်သက်သေခံရန် ဖိတ်ခေါ်ရာတွင် အောက်ပါတို့ကို ဖော်ပြရမည်-

(က) ယင်းပုဂ္ဂိုလ်၏ လုံခြုံရေးအစီအစဉ်၊

(ခ) ယင်းပုဂ္ဂိုလ်အတွက်လည်းကောင်း၊ ယင်းပုဂ္ဂိုလ်နှင့်အတူ လိုက်ပါမည့်ပုဂ္ဂိုလ်ရှိပါက အဆိုပါ ပုဂ္ဂိုလ် အတွက်လည်းကောင်း လျော်ကန်သင့်မြတ်သည့် ခွင့်ပြုငွေ၊ ခရီးသွားလာစရိတ်နှင့် အထွေထွေ ကုန်ကျ စရိတ်။

၁၆။ ပြည်ပနိုင်ငံတွင် သက်သေတစ်ဦးအဖြစ် သက်သေခံချက်ပေးမည့် သက်သေသည် ပြည်ပနိုင်ငံ၏ ဥပဒေ အရ သက်သေခံချက်ပေးရန် ငြင်းဆိုနိုင်သည့် အခွင့်အရေးရှိကြောင်း ယင်းနိုင်ငံမှ အခွင့်အာဏာ ရှိသူက ထောက်ခံချက်ပေးလျှင် သက်သေထွက်ဆိုချက်ပေးရန် ငြင်းဆိုနိုင်သည်။

## အခန်း (၅)

**အချုပ်ဖြင့်ရှိသူကို သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူထင်မြင်ချက်ပေးရန် ယာယီလွှဲပြောင်းပေးခြင်း**

၁၇။ ပြည်ပနိုင်ငံ၏ အကူအညီတောင်းခံချက်သည် မြန်မာနိုင်ငံ၌ အချုပ်ဖြင့်ရှိသူကို အကူအညီ တောင်းခံ သည့်နိုင်ငံတွင် သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူ ထင်မြင်ချက် ပေးရေးအတွက် လွှဲပြောင်းပေးရန်ဖြစ်ပါက ဥပဒေပုဒ်မ ၁၂ ပါ လိုအပ်သော အချက်များအပြင် အောက်ပါတို့ကိုလည်း ဖော်ပြ ပါရှိစေရမည်-

(က) အချုပ်ဖြင့်ရှိသူ၏ အမည်နှင့် ထိန်းသိမ်းထားသည့်နေရာ၊

(ခ) အကူအညီတောင်းခံသည့်နိုင်ငံတွင် ကြားနာစစ်ဆေးလျက်ရှိသော အမှုနှင့် ဆက်စပ်နေသော အကြောင်း ခြင်းရာများ၊

(ဂ) ယင်းပုဂ္ဂိုလ်ထံမှ သက်သေခံချက်ရယူရန် လိုအပ်သောအချက်များ၊

(ဃ) ဥပဒေ၊ စာချုပ် သို့မဟုတ် မြန်မာနိုင်ငံနှင့် အကူအညီတောင်းခံသည့်နိုင်ငံတို့၏ တာဝန်ယူချက် များ အရ ယင်းပုဂ္ဂိုလ်ရရှိနိုင်သည့် အခွင့်အရေးများနှင့်တာဝန်များ။

၁၈။ ဗဟိုအဖွဲ့သည် အကူအညီပေးရန် ဆုံးဖြတ်ပါက "**အချုပ်ဖြင့်ရှိသူကို အကူအညီတောင်းခံသည့်နိုင်ငံသို့ သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူထင်မြင်ချက်ပေးရန် ယာယီလွှဲပြောင်းခြင်း" (ပုံစံ -၄)** ဖြင့် အချုပ်ဖြင့်ရှိသူ၏ ဆန္ဒသဘောထားရယူနိုင်ရန် ယင်းပုဂ္ဂိုလ်ကို ချုပ်နှောင်ထားသော သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ ဗဟိုအာဏာပိုင် အဖွဲ့၏ ဆုံးဖြတ်ချက်နှင့် အကူအညီတောင်းခံသည့် စာရွက် စာတမ်းများကို လွှဲပြောင်း ပေးရ မည်။

၁၉။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသည် ဗဟိုအာဏာပိုင် အဖွဲ့၏ ဆုံးဖြတ်ချက်အပြင် အကူအညီ တောင်းခံသည့် နိုင်ငံရှိ သက်ဆိုင်သောဥပဒေ၊ စာချုပ် သို့မဟုတ် တာဝန်ယူချက်များနှင့်အညီ အကူအညီ တောင်းခံချက်ကို အချုပ်ဖြင့်ရှိသူအား ရှင်းလင်းပြောကြားပြီး အချုပ်ဖြင့်ရှိသူက အကူအညီတောင်းခံ သည့်နိုင်ငံသို့ သွားရောက်၍

အကူအညီပေးလိုခြင်း ရှိ မရှိ ဆန္ဒသဘောထားနှင့် အချက်အလက် အပြည့်အစုံကို သတ်မှတ်ပေးသည့် ကာလအတွင်း ပုံစံ - ၄ ဖြင့် ဗဟိုအာဏာပိုင် အဖွဲ့သို့ ပြန်လည်ပေး ပို့ရ မည်။

၂၀။ ဗဟိုအာဏာပိုင်အဖွဲ့သည် နည်းဥပဒေ ၁၉ အရ ရှင်းလင်းပြောကြားချက်နှင့် စပ်လျဉ်း၍ အချုပ်ဖြင့် ရှိသူက သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူထင်မြင်ချက်ပေးရန် သဘောတူလျှင် အကူ အညီတောင်းခံသည့်နိုင်ငံသို့ အသိပေးအကြောင်းကြားရမည်။ ယင်းအကြောင်းကြား စာမိတ္တူကို အချုပ် ဖြင့်ရှိသူနှင့် ယင်းပုဂ္ဂိုလ်အား ယာယီလွှဲပြောင်းပေးရမည့် အစိုးရဌာန၊ အဖွဲ့အစည်းများသို့ ပေးပို့ရမည်။

၂၁။ အချုပ်ဖြင့်ရှိသူက အကူအညီတောင်းခံသည့်နိုင်ငံသို့ သွားရောက်ပြီး သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူ ထင်မြင်ချက်ပေးရန် သဘောတူပြီးနောက် မြန်မာနိုင်ငံမှ မထွက်ခွာမီ ယင်းသဘော တူချက်ကို စာဖြင့်ရေးသားတင်ပြ၍ ပြန်လည်ရုပ်သိမ်းခဲ့လျှင် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသည် နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ ဗဟိုအာဏာပိုင်အဖွဲ့သို့တင်ပြရမည်။

၂၂။ ဗဟိုအာဏာပိုင်အဖွဲ့သည် နည်းဥပဒေ ၂၁ အရ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်း၏ တင်ပြချက်ကို ရရှိလျှင် ယင်းသို့ သဘောတူညီချက်အား ပြန်လည်ရုပ်သိမ်းကြောင်းကို အကူအညီတောင်းခံ သည့်နိုင်ငံသို့ ချက်ချင်း အသိပေးအကြောင်းကြားရမည်။

၂၃။ ဗဟိုအာဏာပိုင်အဖွဲ့သည် အချုပ်ဖြင့်ရှိသူအား သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင် သူထင်မြင်ချက်ပေးရန် အကူအညီတောင်းခံသည့်နိုင်ငံသို့ ယာယီလွှဲပြောင်းပေးရေးအတွက် သင့်လျော်သော အရာရှိတစ်ဦးက တာဝန်ယူကြီးကြပ်ဆောင်ရွက်စေရန် အကူအညီတောင်းခံချက်နှင့် လိုအပ်သောစာရွက် စာတမ်းများပေးပို့၍ အချုပ်ဖြင့်ရှိသူကို ယာယီလွှဲပြောင်းပေးအပ်ရမည့် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့ အစည်းသို့ အကြောင်းကြားရမည်။

၂၄။ ဗဟိုအာဏာပိုင်အဖွဲ့သည် အကူအညီတောင်းခံသည့်နိုင်ငံက အချုပ်ဖြင့်ရှိသူ၏ သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူ ထင်မြင်ချက်ကို ရယူပြီးနောက် မြန်မာနိုင်ငံသို့ ထိုသူအား ပြန်လည် လွှဲပြောင်းပေးရန် အကြောင်းကြားလာပါက ပြန်လည်လက်ခံနိုင်ရေးအတွက် လွှဲပြောင်းပေးခဲ့သော အစိုး ရဌာန၊ အဖွဲ့အစည်းသို့ အကြောင်းကြားရမည်။

၂၅။ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသည်-

(က) အချုပ်ဖြင့်ရှိသူအား ပြန်လည်လက်ခံရေးအတွက် ဗဟိုအာဏာပိုင်အဖွဲ့၏ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ခ) အချုပ်ဖြင့်ရှိသူအား ပြန်လည်လက်ခံပြီးပါက ဗဟိုအာဏာပိုင်အဖွဲ့သို့ ချက်ချင်း အစီရင်ခံ တင်ပြရမည်။

၂၆။ ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံ၏ အကူအညီတောင်းခံချက်အရ သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူ ထင်မြင်ချက်ပေးရန် ယာယီလွှဲပြောင်းထားသော အချုပ်ဖြင့်ရှိသူအား ဆက်လက် ချုပ်ထားရန် မလိုတော့ပါက ထိုသူအားအချုပ်မှလွှတ်ရန် သက်ဆိုင်ရာနိုင်ငံ၏ အာဏာပိုင်ထံ ချက်ချင်း အကြောင်းကြားရမည်။

## အခန်း (၆)



Myanmar Law Information System (MLIS)

**မြန်မာနိုင်ငံက အကူအညီတောင်းခံခြင်း**

၂၇။ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုသည် ပြည်ပနိုင်ငံတစ်ခုခုသို့ ဥပဒေပုဒ်မ ၁၁ ပါ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကူအညီတောင်းခံလိုပါက ခွင့်ပြုချက်ရရှိရန် ဥပဒေပုဒ်မ ၁၂ ပါ လိုအပ်သည့် အချက်များကို ဖော်ပြ၍ **ပြည်ပနိုင်ငံ၏ အာဏာပိုင်ထံသို့ အကူအညီတောင်းခံပေးရန် တင်ပြခြင်း (ပုံစံ-၅)** ဖြင့် ဗဟိုအာဏာ ပိုင်အဖွဲ့သို့ တင်ပြရမည်။

၂၈။ ဗဟိုအာဏာပိုင်အဖွဲ့သည်-

(က) ပြည်ပနိုင်ငံတစ်ခုခုသို့ အကူအညီတောင်းခံပေးရန် နည်းဥပဒေ ၂၇ အရ တင်ပြချက်ကိုစိစစ်ပြီး ခွင့်ပြုပါက ဥပဒေပုဒ်မ ၃၄ နှင့်အညီ ဆောင်ရွက်ရမည်။

(ခ) အရေးပေါ်ကိစ္စတွင် အကူအညီတောင်းခံခြင်းခံရမည့် ပြည်ပနိုင်ငံနှင့် သဘောတူညီချက်ရှိပါက နိုင်ငံတကာ ပြစ်မှုဆိုင်ရာရဲတပ်ဖွဲ့မှတစ်ဆင့် ယင်းနိုင်ငံ၏ အာဏာပိုင်ထံ အကူအညီတောင်းခံနိုင်သည်။

၂၉။ ဗဟိုအာဏာပိုင်အဖွဲ့သည် အောက်ပါအချက်များပေါ်ပေါက်လျှင် ပြည်ပနိုင်ငံရှိ ပုဂ္ဂိုလ်တစ်ဦးဦးကို မြန်မာနိုင်ငံတွင် လာရောက်သက်သေခံချက်ပေးရန် သို့မဟုတ် အကူအညီပေးရန် **ယင်းနိုင်ငံ၏ အာဏာပိုင် ထံသို့ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် အကူအညီပေးရန် တောင်းခံခြင်း (ပုံစံ-၆)** သို့မဟုတ် ယင်းနိုင်ငံက သတ်မှတ်ထားသော ပုံစံဖြင့် အကူအညီတောင်းခံနိုင်သည်-

(က) ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ထိုပုဂ္ဂိုလ်က သက်သေခံချက် သို့မဟုတ် အကူအညီကိုပေးနိုင်သည်ဟု ယုံကြည်လောက်သော အကြောင်းရှိခြင်း၊

(ခ) ယင်းပုဂ္ဂိုလ်က မြန်မာနိုင်ငံသို့ လာရောက်သက်သေခံရန် သို့မဟုတ် ကူညီရန် သဘောတူခြင်း။

၃၀။ ဗဟိုအာဏာပိုင်အဖွဲ့သည် သက်သေခံချက်ပေးမည့် သို့မဟုတ် အကူအညီပေးမည့်ပုဂ္ဂိုလ်မြန်မာနိုင်ငံသို့ လာရောက်ရေး၊ မြန်မာနိုင်ငံမှ ပြန်လည်ထွက်ခွာရေးနှင့် အခြားစပ်ဆိုင်သည့် ကိစ္စများစီမံဆောင်ရွက်ရေး တို့အတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ တာဝန်ပေးအပ်ရမည်။

**အခန်း (၇)**

**မြန်မာနိုင်ငံတွင် သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူထင်မြင်ချက်ရယူရန် ပြည်ပနိုင်ငံရှိ အချုပ်ဖြင့်ရှိသူကို ယာယီလွှဲပြောင်းရယူခြင်း**

၃၁။ ပြည်ပနိုင်ငံတွင် အချုပ်ဖြင့် ရှိသူ၏ သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူ ထင်မြင် ချက်ကို မြန်မာနိုင်ငံတွင်ရယူလိုသော အစိုးရဌာန၊ အဖွဲ့အစည်းသည် ဥပဒေပုဒ်မ ၁၂ပါ လိုအပ်သော အချက်များအပြင် အောက်ပါအချက်များကိုလည်း ဖော်ပြ၍ ဗဟိုအာဏာပိုင်အဖွဲ့သို့ တင်ပြရမည်-

(က) အချုပ်ဖြင့်ရှိသူကို ခေါ်ယူရန် အသေးစိတ်အစီအစဉ်၊

(ခ) လိုအပ်သည့် စာတမ်းအမှတ်အသား၊ မှတ်တမ်းနှင့် အထောက်အထားများ။

၃၂။ ဗဟိုအာဏာပိုင်အဖွဲ့သည် နည်းဥပဒေ ၃၁ အရ တင်ပြချက်ကို လက်ခံရရှိလျှင် စိစစ်ပြီး ပြည်ပနိုင်ငံရှိ အချုပ်ဖြင့်ရှိသူကို သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူ ထင်မြင်ချက် ရယူထိုက်ကြောင်း ဆုံးဖြတ်ပါကယင်းပုဂ္ဂိုလ်အား



Myanmar Law Information System (MLIS)

သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူ ထင်မြင်ချက် ရယူနိုင်ရေးအတွက် ယာယီလွှဲပြောင်းပေးရန် ပြည်ပနိုင်ငံသို့ အကူအညီတောင်းခံပေးရမည်။

၃၃။ ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံတွင် အချုပ်ဖြင့်ရှိသူက မြန်မာနိုင်ငံတွင် သက်သေခံချက်၊ ထွက်ဆိုချက် သို့မဟုတ် ကျွမ်းကျင်သူ ထင်မြင်ချက်ပေးရန် သဘောတူညီသဖြင့် သက်ဆိုင်ရာပြည်ပနိုင်ငံက မြန်မာနိုင်ငံသို့ အကူအညီပေးမည်ဖြစ်ကြောင်း အကြောင်းကြားစာကို လက်ခံရရှိသည့်အခါ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများသို့ အောက်ပါအချက်များကို ဆောင်ရွက်ရန် ညွှန်ကြားရမည်-

(က) ပြည်ပနိုင်ငံတွင် အချုပ်ဖြင့်ရှိသူ ပြည်ဝင်ခွင့်ရရှိရန် ဆောင်ရွက်ခြင်းနှင့် ယာယီလွှဲပြောင်းရယူခြင်း၊

(ခ) ယင်းပုဂ္ဂိုလ်ကို မြန်မာနိုင်ငံတွင် သင့်လျော်သည့်နေရာ၌ ဆက်လက်ချုပ်နှောင်ထားခြင်း၊

(ဂ) ယင်းပုဂ္ဂိုလ်၏ သက်သေခံချက် သို့မဟုတ် ထွက်ဆိုချက်ရယူခြင်း။

၃၄။ ဗဟိုအာဏာပိုင်အဖွဲ့သည် နည်းဥပဒေ ၃၃ ပါ အချက်များကို ဆောင်ရွက်ပြီးစီးလျှင် ထိုသူအား သက်ဆိုင်ရာပြည်ပနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးအတွက် ဆောင်ရွက်ရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းသို့ ညွှန်ကြားရမည်။

၃၅။ ဗဟိုအာဏာပိုင်အဖွဲ့သည် မြန်မာနိုင်ငံသို့ လွှဲပြောင်းပေးသည့် အချုပ်ဖြင့်ရှိသူကို ချုပ်နှောင်ထားရန် မလိုအပ်တော့ကြောင်း ပြည်ပနိုင်ငံက အကြောင်းကြားလျှင် ထိုပုဂ္ဂိုလ်ကို အချုပ်မှလွှတ်ရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသို့ အကြောင်းကြားရမည်။

## အခန်း (၈)

## ကုန်ကျစရိတ် ကျခံခြင်း

၃၆။ အကူအညီတောင်းခံချက်နှင့်စပ်လျဉ်း၍ ဆောင်ရွက်ပေးရသည့် သာမန်ကုန်ကျစရိတ်ကို အခြားနည်း ဖြင့် သဘောတူထားခြင်းမရှိပါက အကူအညီပေးသောနိုင်ငံကကျခံရမည်။ နှစ်နိုင်ငံတို့သည် သာမန်ထက် ပိုမိုသော သို့မဟုတ် ထူးခြားသည့် သဘာဝရှိသော ကုန်ကျစရိတ်ကျခံရန်ကိစ္စဖြစ်လျှင် ကြိုတင်ညှိနှိုင်း ထားသည့် စည်းကမ်းချက်များနှင့်အညီ ကျခံရမည်။

၃၇။ (က) အကူအညီပေးခြင်းနှင့်စပ်ဆိုင်သော ကုန်ကျစရိတ်သည် မြန်မာနိုင်ငံနှင့် အပြန်အလှန် အကူအညီ ပေးရန် စာချုပ်ရှိပြီး ယင်းစာချုပ်တွင် ကုန်ကျစရိတ်ကို အထူးအစီအစဉ်ဖြင့် ဖော်ပြထားပါက ယင်းစာချုပ် ပါအတိုင်းကျခံရမည်။

(ခ) အကူအညီတောင်းခံသည့်နိုင်ငံက အကူအညီတောင်းခံသည့် ကိစ္စနှင့်စပ်လျဉ်း၍ ကုန်ကျစရိတ်အားလုံး ကို ကျခံမည်ဖြစ်ကြောင်း သဘောတူလျှင် ထိုနိုင်ငံက ကျခံရမည်။

(ဂ) အချုပ်ဖြင့်ရှိသူအား မြန်မာနိုင်ငံ၏ နယ်နိမိတ်ကို ဖြတ်သန်း၍ သို့မဟုတ် မြန်မာနိုင်ငံနယ်နိမိတ်အ တွင်း ခေတ္တရပ်နား၍ခေါ်ဆောင်ခြင်းဖြစ်ပါက ကုန်ကျစရိတ်ကို ယင်းပုဂ္ဂိုလ်အား စတင်ခေါ်ဆောင်သည့် နိုင် ငံ သို့မဟုတ် အကူအညီတောင်းခံသည့် နိုင်ငံကကျခံရမည်။

Myanmar Law Information System (MLIS)

၃၈။ သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသည် အကူအညီတောင်းခံခြင်း သို့မဟုတ် အကူအညီပေးခြင်း နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံက ကျခံရမည့် ကုန်ကျစရိတ်ဖြစ်လျှင် ဗဟိုအာဏာပိုင်အဖွဲ့၏ ထောက်ခံချက်ကို ပူးတွဲတင်ပြပြီး အစိုးရအဖွဲ့၏ သဘောတူညီချက်ကို တောင်းခံရယူရမည်။

## အခန်း (၉)

## အထွေထွေ

၃၉။ အစိုးရအဖွဲ့သည် အကူအညီတောင်းခံခြင်းနှင့်စပ်လျဉ်း၍ ဥပဒေပုဒ်မ ၉ ပါလုပ်ပိုင်ခွင့်ကို ကျင့်သုံးရာ၌ ဗဟိုအာဏာပိုင်အဖွဲ့၏ ဆောင်ရွက်ချက်တစ်ရပ်ရပ်မှာ ဥပဒေပုဒ်မ ၄ တွင် ပြဋ္ဌာန်းထားသော ရည်ရွယ်ချက် များနှင့် ညီညွတ်ခြင်းမရှိသည့်အခါမှသာလျှင် ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ် ဖျက်ခြင်းပြုရမည်။

၄၀။ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးခြင်းနှင့်စပ်လျဉ်း၍ လုပ်ငန်းတာဝန်များ ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဤနည်းဥပဒေများတွင် အတိအလင်းပြဋ္ဌာန်းထားခြင်းမရှိ လျှင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ သို့မဟုတ် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆီလျော်သလို ကျင့်သုံးဆောင်ရွက်နိုင်သည်။

၄၁။ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးခြင်းနှင့်စပ်လျဉ်း၍ ဗဟိုအာဏာပိုင်အဖွဲ့ ၏ အကူအညီတောင်းခံချက်အရ ပြည်ပနိုင်ငံ၏ အာဏာပိုင်ကပေးပို့သည့် စာတမ်းအမှတ်အသား၊ မှတ် တမ်းနှင့်အထောက်အထားများကို သက်သေခံအဖြစ် တင်ပြခွင့်ရှိစေရမည်။

၄၂။ (က) ဗဟိုအာဏာပိုင်အဖွဲ့သည် ပြည်ပနိုင်ငံတစ်ခုခုက တရားစီရင်ရေးဆိုင်ရာ ဆောင်ရွက်ခြင်းအတွက် အကူအညီတောင်းခံသည့်ကိစ္စဖြစ်လျှင် တရားရုံးချုပ်သို့ အကြောင်းကြားရမည်။

(ခ) တရားရုံးချုပ်သည် ပုဒ်မခွဲ (က) အရ အကြောင်းကြားသည့်ကိစ္စကို ကိုယ်တိုင်ဆောင်ရွက်ခြင်း သို့မ ဟုတ် သက်ဆိုင်ရာစီရင်ပိုင်ခွင့်ရှိသည့် တရားရုံးက ဆောင်ရွက်ရန် ညွှန်ကြားခြင်းပြုနိုင်သည်။

၄၃။ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေးနှင့်စပ်လျဉ်း၍ ဖြေရှင်းရမည့်ကိစ္စ တစ်စုံတစ်ရာပေါ်ပေါက်လာပါက သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းသည် အကူအညီတောင်းခံသည့် နိုင် ငံနှင့် ဗဟိုအာဏာပိုင်အဖွဲ့တို့ ညှိနှိုင်းဖြေရှင်းဆောင်ရွက်နိုင်ရန် ဗဟိုအာဏာပိုင်အဖွဲ့သို့ ချက်ချင်းတင်ပြရ မည်။

၄၄။ ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေး၊ အကူအညီရယူရေးတို့နှင့်စပ်လျဉ်း ၍ နှစ်နိုင်ငံဖြစ်စေ၊ နိုင်ငံအများဖြစ်စေ ချုပ်ဆိုထားသော စာချုပ်များရှိပါက ယင်းစာချုပ်များနှင့်အညီ လိုက် နာဆောင်ရွက်ရမည်ဖြစ်ပြီး ယင်းစာချုပ်တွင် သီးခြားဖော်ပြထားခြင်းမရှိပါက ဤနည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

(ပုံ)
ဗိုလ်မှူးကြီး တင်လှိုင်
ဝန်ကြီး

( ပြစ်မှုဆိုင်ရာကိစ္စရပ်များတွင် နိုင်ငံအချင်းချင်းအကူအညီပေးရေး ဆိုင်ရာ နည်းဥပဒေများ )
ပြည်ထဲရေးဝန်ကြီးဌာန

Myanmar Law Information System (MLIS)